
တထ်ဝဝတ်

mgyoe.com


# ရွှေဥဒေါင်း

# အသစ်စုံထောက်



mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း



# ရွှေဥဒေါင်း
## အသစ်စုံထောက်

ISBN 9789997115430
SOD72
9 789997 115430
1,300.00KS

mgyoe.com

ထုတ်ဝေသူ - ဒေါ်အိဝတ်ရည်ထွန်း၊ ဂျူတီစာပေ၊ (၀၂၀၇၇)၊
ဓမ္မာရုံလမ်း၊ လှိုင်၊ ရန်ကုန်။
ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ (၀၀၄၁၃)
အမှတ်-၁၁၇၉၊မဟိုးရိပ်လမ်း၊ကံဘဲ့၊ရန်ကင်း။
၂၀၁၉ မတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း။
အုပ်ရေ ၅၀၀။

ရောင်းဈေး ၁၃၀၀ ကျပ်

mgyoe.com

mgyoe.com

# အသစ်စုံတောက်

ရွှေဒေါင်း

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# အခန်း (၁)

ကသာမြို့၏မြောက်ဘက် တစ်မိုင်ခန့်ကွာဝေးသော အရပ်တွင် ဇရစ်ချောင်အမည်ရှိ ရွာကလေးရှိ၏။ ၎င်းရွာကလေးမှာ အိမ်ခြေ ၅၀ ခန့်ရှိ၍ များသောအားဖြင့် ခရစ်ယာန် ဘာသာဝင် ကရင်လူမျိုးများ နေထိုင်ကြသဖြင့် ခရစ်ယာန် ဘုရားရှိခိုးကျောင်းကလေး လည်းကောင်း၊ အနည်းငယ်မျှသော ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက် အနီးအပါးရှိ တောင်ကုန်းကလေးပေါ်တွင် ဘုန်းကြီးကျောင်းတစ်ကျောင်း လည်းကောင်း ရှိ၏။ ဘုန်းကြီးကျောင်းသို့ တက်ရာလမ်းဖြစ်သော အနောက်ပိုင်းသည် တောင်စောင်းတွင် တည်ရှိသည်ဖြစ်၍ အရှေ့ပိုင်းထက် မြင့်မောက်ပေရာ မြေပြင်ညီညာစွာရှိသော ရွာအရှေ့ပိုင်းတွင် အခြားအိမ်များထက် မြင့်မား၍ ဗိုလ်ဆန်ဆန် ဆောက်လုပ်ထားသည့် အိမ်ကြီးတစ်ဆောင်မှာ မြို့၏မြောက်ဘက်တွင်ရှိသော ပိုလိုကွင်းမှပင် ထင်းထင်းကြီး မြင်နိုင်ပေ၏။

၎င်းအိမ်ကြီးမှာ ထိုအရပ်တွင် ဩဇာတိက္ကမနှင့်ပြည့်စုံသော သစ်ကုန်သည်ကြီး ဦးထွန်းပြည့်၏အိမ်ကြီးဖြစ်ပေရာ ဦးထွန်းပြည့်မှာ

mgyoe.com

mgyoe.com


တစ်ခေတ်က သစ်ဘက်တွင် အကြီးအကျယ် ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်ခဲ့သည့် ဘီဘီတီစီကုမ္ပဏီ၊ စတီးဘရားသားကုမ္ပဏီစသော ကုမ္ပဏီကြီးများနှင့် တုပြိုင်လုပ်ကိုင်ခဲ့သူဖြစ်သဖြင့် ကျွဲ၊ နွား၊ ဆင် စသော ပစ္စည်းများအပြင် ကသာမြို့ ဈေးနားတစ်ဝိုက်တွင် အိမ်ကြီးအိမ်ကောင်း များကိုလည်း ပိုင်ဆိုင်ခဲ့သည်ဖြစ်၍ ပစ္စည်းဥစ္စာ အတော်ပင်ကြွယ်ဝသူ တစ်ယောက်ဖြစ်ပေ၏။

ဦးထွန်းပြည့်သည် ထိုသို့သော အခြေသို့ရောက်ရခြင်းမှာ 'ကိုယ် တိုင်အစွမ်းကောင်း သောကြောင့်လည်းတစ်ကြောင်း၊ ကသာမြို့ပေါ်၌ အကြွယ်ဝဆုံးဖြစ်သည့် သူဌေးဦးသန့်၏ တစ်ယောက်တည်းသောသမီး ဒေါ်သီတာနှင့် လက်ထပ်ထိမ်းမြားခြင်းကြောင့်တစ်ကြောင်း ဖြစ်ပေ၏။ ဒေါ်သီတာမှာ တစ်ဦးတည်းသော သားဖြစ်သူ မောင်သန်းတင်ကို ဖွားမြင်၍ ၅ နှစ်သားအရွယ်ခန့်တွင် ဒေါ်သီတာသေဆုံးခဲ့ရာ ထို့နောက် ၂ နှစ်ခန့်ကြာ၍ သူဌေးဦးသန့် ကွယ်လွန်သောအခါတွင် သားငယ် မောင်သန်းတင်သည် အဘိုးဖြစ်သူဦးသန့်၏ အမွေအနှစ် ပစ္စည်းအလုံးစုံကို ဆက်ခံရရှိခဲ့သည်ဖြစ်၍ ၇ နှစ်သားအရွယ်၌ပင် သူဌေးကလေး တစ် ယောက် ဖြစ်လာပေတော့၏။

ဦးထွန်းပြည့်မူကား မောင်သန်းတင် ၈ နှစ်သားအရွယ်တွင် ဒုတိယအိမ်ထောင်ပြုခဲ့ပြန်လေရာ မောင်သူတော်နှင့် မတင်ကြည်တည်း ဟူသော မောင်နှမနှစ်ယောက်တို့ကို ဖွားမြင်ပြီးသည့်နောက် ဒုတိယမိန်းမ သည်လည်း ပျက်စီးကွယ်လွန်ခဲ့လေ၏။ ထို့နောက်၌မူကား ဦးထွန်းပြည့် သည် အိမ်ထောင်ပြုရန် စိတ်မကူးတော့ဘဲ ပထမမယားမှ မွေးခဲ့သော သား မောင်သန်းတင်နှင့် ဒုတိယမယားမှ မွေးဖွားခဲ့သော မောင်သူတော်၊ မတင်ကြည်တို့နှင့်သာ အတူတကွ သင့်မြတ်ကြည်ရွှင်စွာ နေထိုင်လာခဲ့ လေတော့၏။

mgyoe.com

mgyoe.com



သားအကြီး မောင်သန်းတင်မှာ မိခင်ဘက်မှ အမွေအနှစ်မြောက်မြားစွာ ဆက်ခံရရှိခဲ့သည်တစ်ကြောင်း၊ ရုပ်ရည်ချောမောသန့်ရှင်းသည်တစ်ကြောင်း၊ သွက်လက်ချက်ချာလှသော သူငယ်တစ်ယောက်ဖြစ်သည်တစ်ကြောင်းကြောင့် ကသာမြို့ အင်္ဂလိပ်ကျောင်း၌ နေစဉ်ပင် ချစ်ကြိုက်သူအလွန်ပေါသဖြင့် ရည်းစားတွေ 'မှိုပေါက်' လျက်ရှိရာ အင်္ဂလိပ်စာကို ဘီအေ၊ အမ်အေတိုင်အောင် သင်နိုင်လောက်သော အခြေရှိသော်လည်း ဖခင်ဦးထွန်းပြည့်သည် သား၏သဘောကို သိသည်နှင့် စိတ်မချနိုင်ဘဲ ၁၀ တန်းအောင်ပြီးသောအခါတွင် ကောလိပ်ကျောင်း သို့မပို့မူ၍ သစ်အလုပ်ဘက်တွင် မိမိ၏လက်ထောက်အဖြစ်နှင့် သွတ်သွင်းချထားလိုက်လေ၏။

သို့ရာတွင် မောင်သန်းတင်သည် ထိုအလုပ်ကို ကြာရှည်စွာ မလုပ်ကိုင်ဘဲ မြို့ပေါ်မှ မိန်းကလေးများနှင့်လည်းကောင်း၊ အနှံ့အပြား ချစ်ကြိုက်နေခဲ့ပြီးနောက် တစ်နေ့သ၌ ဖခင်၏ ငွေ ၅၀၀၀ ကိုခိုးယူ၍ အိမ်မှတစ်ခါတည်းပျောက်ကွယ်သွားခဲ့လေတော့၏။

မယားနှစ်ယောက် သေဆုံးပြီးသည့်နောက် ဦးထွန်းပြည့်သည် ဦးသောကြာဆိုသူ တပည့်ကောင်းတစ်ယောက်ကို လက်သပ်မွေးထား၍ ဦးသောကြာသည် ချက်မှုနှင့်ပြုတ်မှုနှင့်တကွ အိမ်ထောင်မှုကိစ္စဟူသမျှကို ဦးစီးဆောင်ရွက်ခဲ့လေ၏။ ဦးသောကြာမှာ ရွာ၏မြောက်ပိုင်းတွင် မုဆိုးမတစ်ယောက် အိမ်ထောင်ကျသော်လည်း ရံဖန်ရံခါသာလျှင် သွားရောက်လည်ပတ်၍ နေ့ရောညပါ ဦးထွန်းပြည့်၏အိမ်၌ပင် အခန်းကလေးတစ်ခန်းတွင် နေထိုင်စားသောက်ခဲ့လေ၏။

ကျွန်ုပ်တို့ရေးသားဖော်ပြမည့် အချိန်ကာလတွင်ကား သားမောင်သူတော်သည် ၁၆ နှစ်သားအရွယ်လည်းကောင်း၊ သမီး မတင်ကြည်သည် ၁၄ နှစ်သမီးအရွယ်လည်းကောင်း ရှိနေကြပြီဖြစ်ရာ ဦးထွန်းပြည့်

mgyoe.com

mgyoe.com



ကိုယ်တိုင်မှာ မကျန်းမမာ ရှိနေသည်ဖြစ်၍ နေအိမ်အပေါ်ထပ်ရှိ အခန်းတစ်ခန်းအတွင်း မောင်နှမနှစ်ယောက်တို့၏ အစောင့်အရှောက်ဖြင့် အိပ်ရာ၌ လဲလျက်ရှိလေ၏။

တစ်ညသ၌ ၈ နာရီအချိန်ခန့်တွင် ဦးသောကြာသည် ဝင်းတံခါးနှင့် အိမ်တံခါးများ ကို ပိတ်ဆို့၍ မိမိ၏အခန်းတွင်းသို့ ဝင်ပြီးနောက် ဗိနတ္ထုပကာသနီစာအုပ်ကို ဖတ်တော့မည်ပြုသည်တွင် အိမ်ဝင်းအနီးမှ ကပ်၍ ဦးသောကြာ အိပ်ပြီလားဟု မေးလိုက်သောအသံကို ကြားရလေ၏။

ဦးသောကြာသည် ထိုအသံကိုသိသည်နှင့် ထိုင်ရာမှထ၍ အိမ်တံခါးနှင့် ဝင်းတံခါးတို့ကို ဖွင့်ပေးပေလေရာ အသက် ၂၅ နှစ်ခန့်ရှိ၍ ထောင်ထောင်မောင်းမောင်းရှိသော လူတစ်ယောက်သည် ဝင်းထဲသို့ ဝင်လာလေ၏။

"အလို ကိုဘဦးပါကလား၊ ဘယ်တုန်းက ပြန်ရောက်လာသလဲ"

"ဒီကနေ့ပဲ ရောက်တယ်၊ ဦးထွန်းပြည့် မမာဘူးကြားလို့ ချက်ချင်းထလာခဲ့ရတယ်"

မောင်ဘဦးဆိုသူမှာ ဇရစ်ချောင်ရွာအနောက်ပိုင်းရှိ လူကုံထံတစ်ဦး၏သားဖြစ်လေရာ ထိုသူသည် ဦးထွန်းပြည့်၏သား မောင်သန်းတင် ပျောက်ကွယ်သွားသည့်အချိန်ကပင် ပျောက်ကွယ်သွားခဲ့၍ မောင်သန်းတင်နှင့် သက်တူရွယ်မျှ ဖြစ်လေ၏။ ၎င်းတို့နှစ်ယောက်သည် အသက် ၂၀ ခန့်အရွယ်က ပျောက်ကွယ်သွားကြ၍ ၅ နှစ်တိုင်တိုင် ကြာရှိပြီဖြစ်သောကြောင့် အချိန်အခါတွင် အသက် ၂၅ နှစ်မျှစီ ရှိကြလေပြီ။

ကြာ။ ။"အံ့သြမိပါရဲ့ဗျာ။ နှစ်ယောက်စလုံး ပျောက်သွားလိုက်ကြတာ စာကလေးတစ်စောင်မှ မပေးကြဘူး။ နေလည်းနေနိုင်တဲ့လူနှစ်ယောက်ပါပဲ"

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


ဦး။ ။"မောင်သန်းတင်ဆီကလည်း ဘာအကြောင်းမှ မကြားရဘူးလား၊ ငွေများ မတောင်းဘူးလား"

ကြာ။ ။"သွားကတည်းက ဘာမှမကြားရတော့ဘူး။ ငွေလည်း မတောင်းဘူး၊ သွားတုန်းကတော့ ငွေ ၅၀၀၀ဝ ယူသွားတယ်ဆို ထင်ပါရဲ့၊ ကိုဘဦးနဲ့အတူတူသွားကြတာမဟုတ်ဘူးလား"

ထိုအခါ မောင်ဘဦးသည် ထိုအကြောင်းကို ပြောလိုဟန်မရှိဘဲ ဦးခေါင်းကိုသာ ယမ်းခါ၍ ပြလေ၏။ ထို့နောက်

ဦး။ ။"ဦးထွန်းပြည့်မကျန်းမာတာ ဘယ်လောက်ကြာသွားပြီလဲ"

ကြာ။ ။"၃ လလောက် ရှိသွားပြီကော၊ အချင်းချင်းမို့ ပြောရဦးမယ်။ ဦးထွန်းပြည့်တော့ ဒီတောင်က တက်တော့မယ်မထင်ပါဘူး"

ဦး။ ။"မောင်သူတော်တို့ မောင်နှမကော"

ကြာ။ ။"ဦးထွန်းပြည့်ရဲ့ အခန်းထဲမှာ စောင့်ကြည့်နေကြတယ်၊ တွေ့ချင်သေးသလား"

ဦး။ ။"ဟုတ်ကဲ့ ခဏလောက် တွေ့ချင်ပါတယ်"

ထိုအခါ ဦးသောကြာသည် အိမ်ပေါ်သို့တက်သွား၍ ဦးထွန်းပြည့် အိပ်ပျော်နေခိုက် ဖြစ်သည်နှင့် မောင်နှမ နှစ်ယောက်တို့ကိုခေါ်လာခဲ့လေရာ မောင်သူတော်နှင့် မတင်ကြည်တို့လည်း လိုက်ပါလာကြလေ၏။

မောင်သူတော်မှာ အသက် ၁၆ နှစ်အရွယ်မျှရှိ၍ စကားနည်းသော သူငယ် တစ်ယောက်ဖြစ်လေရာ မတင်ကြည်မှာ အသက် ၁၄ နှစ်မျှရှိ၍ သွက်သွက်လက်လက် ချက်ချက်ချာချာနှင့် မွန်ရည်သန့်ရှင်းသော ရုပ်လက္ခဏာရှိသောကြောင့် ကြီးရင့်သောအခါတွင် အတော်ပင် ချောလှမည့် မိန်းမပျိုကလေးတစ်ယောက်ဖြစ်လာမည့် အရိပ်နိမိတ်များ တွေ့မြင်နိုင်ပေ၏။

mgyoe.com

mgyoe.com


မောင်နှမနှစ်ယောက်တို့သည် မောင်ဘဦးကိုတွေ့မြင်ကြသော အခါ အတန်ကြာ ကွဲကွာနေခဲ့ကြသော တစ်ရွာတည်းသားများ ဖြစ်ကြသည့်အလျောက် ပျူငှာသော အမူအရာနှင့် နှုတ်ခွန်းဆက်သကြလေ၏။ အထူးသဖြင့် မတင်ကြည်သည် သွက်လက်သော သူငယ်မ တစ်ယောက် ဖြစ်သည့်အလျောက် ရှေ့ဆောင်ပြု၍ ဧည့်ခံလေရာ မောင်သူတော်မှုကား နှမပြောသောစကားကို ထောက်ခံရုံမျှ ပြုလေ့ရှိ၏။

လူငယ် ၃ ယောက်တို့သည် လွန်ခဲ့သည့် ၅ နှစ်အတွင်း ရွာထဲ၌ ဖြစ်ပျက်ခဲ့သမျှတို့ကို မောင်ဘဦးအားပြန်ပြောင်း ပြောပြကာ ဧည့်ခံလျက် ရှိကြစဉ် ဦးသောကြာသည်လက်ဖက်ရည်ကိရိယာတို့ကို ပြင်ဆင် ဆောင် ရွက်ပေးလေ၏။

ကြည်။ ။"ကိုဘဦးက ၅ နှစ်တောင် ပျောက်သွားလိုက်တာ ဘယ်ဆီများ ရောက်ခဲ့သလဲ"

ဦး။ ။"တစ်ပြည်လုံးနဲ့လို့ ဆိုပါတော့"

ကြည်။ ။"ဒီတစ်ခါ ပြန်သွားဦးမှာလား"

ဦး။ ။"မပြန်တော့ပါဘူး မွေးသဖခင်ရဲ့ ကန်ထရိုက်အလုပ်ကို ဆက်ခံပြီး လုပ်တော့မယ် စိတ်ကူးတယ်"

ကြည်။ ။"ဒါ့ထက် ကျွန်မတို့ကိုကိုတစ်ယောက်များ မတွေ့ခဲ့ဘူးလား"

ဦး။ ။[မျက်နှာပျက်လျက်]"ဟာ ဘယ်တွေ့မလဲ အတူတူ သွားကြတာမှ မဟုတ်ဘဲ"

ကြည်။ ။"မဆိုနိုင်ဘူး၊ အတူတူပျောက်သွားကြလေတော့ တွေ့များတွေ့ခဲ့သလားလို့ မေးကြည့်ရတာပါပဲ"

ဦး။ ။ [စကားစကိုဖြတ်]"မတင်ကြည်တို့ဖေဖေ တော်တော် ရှိပြီလား"

mgyoe.com

mgyoe.com


ကြည်။ ။"တော်တော်ရှိတယ်လို့တော့ မဟုတ်လှပါဘူး။ တစ်နေ့ရွှေတစ်နေ့ငွေ ဆိုတာမျိုးလိုပါပဲ၊ ဒီကနေ့တော့ နည်းနည်းသက်သာတယ်။ ကိုဘဦး လာမေးတယ်လို့ ပြောလိုက်ပါ့မယ်"

ဦး။ ။"အေး ပြောလိုက်ပါကွယ်။ နောက်တစ်ခေါက်မှ တက်ကြည့်ပါဦးမယ်။ ဒီကနေ့တော့ အချိန်မရှိတော့ဘူး။ ကိုင်း မိုးချုပ်ပြီ ပြန်လိုက်ဦးမယ်"

တော်။ ။"ကျွန်တော်လည်း လာလည်ပါဦးမယ် ကိုဘဦးရဲ့"

ဦး။ ။"အေး လာဦးကွယ် တစ်နေ့တော့ လျှောက်လည်ရအောင် ငါ့လူသေနတ် ပစ်တတ်ပြီ မဟုတ်လား"

တော်။ ။"ကျွန်တော်က တောလည်ရတာထက် မဂ္ဂဇင်းစာအုပ်တွေ၊ ဝတ္ထုစာအုပ်တွေ ထိုင်ဖတ်နေရတာ သာကြိုက်တယ်ကိုဘဦးရဲ့"

ဦး။ ။"ငါ့လူက အိမ်တွင်းပုန်းထဲကကိုးကွဲ့။ ကိုင်း ပြန်လိုက်ဦးမယ်။ သွားဦးမယ်နော် ဦးသောကြာ"

မောင်ဘဦးသည် အိမ်မှထွက်၍ ဝင်းပေါက်ဆီသို့သွားသောအခါ မောင်သူတော်သည် ချန်နေရစ်၍ မတင်ကြည်မှုကား နှုတ်သွက်သော မိန်းကလေးတစ်ယောက်ဖြစ်သည့်အလျောက် စကားပြောရင်း ဝင်းပေါက်သို့ လိုက်၍ပို့လေ၏။

ကြည်။ ။"ကိုဘဦးကို ကျွန်မ တစ်ခုမေးချင်တယ်"

ဦး။ ။ "မေးပါဗျာ ဘာများလဲ"

ကြည်။ ။"ကျွန်မတို့ ကိုကိုပျောက်သွားတာ ဘာကြောင့်လဲလို့ ကိုဘဦးသိသလား"

ဦး။ ။ "မဟုတ်တာ မတင်ကြည်ရယ် ဘာကြောင့် သိနိုင်မှာလဲ"

ကြည်။ ။"ကျွန်မကတော့ ကိုဘဦးသိတယ်လို့ထင်တယ်၊ သိရင်

mgyoe.com

mgyoe.com


ပြောပါ ကိုဘဦးရယ်။ ကျွန်မသိပါရစေရှင်"

မောင်ဘဦးသည် မသိရကြောင်းနှင့် ငြင်းကွယ်မည်ပြုပြီးမှ မတင်ကြည်၏ စေ့စေ့ကြည့်ခြင်းကို မခံနိုင်သည်နှင့်...

ဦး။ ။"နည်းနည်းပါးပါးတော့ ရိပ်မိပါရဲ့ဆိုပါတော့။ ဒါပေမဲ့ ခုမပြောသေးဘူး။ နောက်များမှ ပြောသင့်ရင် ပြောပြဦးမယ်"

ကြည်။ ။(ဝမ်းသာစွာနှင့်) "ကျွန်မထင်သားပဲ၊ ဘယ်တော့ ပြောပြမလဲ"

ဦး။ ။"သိပ်တော့ မမေးနဲ့ဦး မတင်ကြည်ရယ်၊ တစ်နေ့နေ့ တော့ ပြောရသေးတာပေါ့"

ကြည်။ ။"ကိုဘဦး ကတိတည်ပါစေနော်။ ကျွန်မကို ပြောရမယ်"

ဦး။ ။"ပြောပါမယ် စိတ်ချပါ။ ကိုင်း ပြန်လိုက်ဦးမယ်"

မောင်ဘဦးသည် ဝင်းပေါက်မှ ထွက်သွား၍ မောင်နှမနှစ်ယောက်တို့သည် အိမ်ပေါ်သို့တက်သွားကြလေလျှင် ဦးသောကြာသည် ဝင်းတံခါးနှင့် အိမ်တံခါးတို့ကိုပိတ်၍ ရှေးနည်းအတူ စာဖတ်တော့မည်ဟု ပြုပြင်သည်နှင့်တစ်ပြိုင်နက် ဝင်းတံခါးကို ခေါက်သံကြားရပြန်လေ၏။ ဦးသောကြာသည် စာအုပ်ကိုချထား၍ ဝင်းပေါက်သို့ပြန်သွားပြန်သောအခါ တံခါးအပြင်၌ ရပ်လျက်ရှိသူကို လရောင်တွင်မြင်လိုက်ရသည်နှင့် အလို ဘုရား ဘုရား မောင်သန်းတင်ပါကလား။ ဒီကနေ့ လူပျောက်တွေ ပြန်ရောက်တဲ့နေ့ပါတကားဟု လွှတ်ခနဲ ပြောလိုက်မိလေ၏။

* * *

mgyoe.com

mgyoe.com

# အခန်း (၂)

အိမ်ထဲသို့ရောက်ကြသောအခါ မောင်သန်းတင်သည် သက္ကလတ်အင်္ကျီမှုကိုသာ ချွတ်ထား၍ အဝတ်အစားလဲလှယ်ခြင်းမပြုဘဲ ဦးသောကြာအခန်းထဲတွင် ကုလားထိုင်တစ်လုံးပေါ်၌ထိုင်လျက် အခန်း၏အခြေအနေကိုကြည့်ရင်း စဉ်းစားစိတ်ကူးနေလေ၏။ ဦးသောကြာမှာမူ ၅ နှစ်တိုင်တိုင် အိမ်မှပျောက်ကွယ်၍နေသော သားကြီး သြရသတစ်ဦး၏အမူအရာနှင့် မတူလှသည့်အဖြစ်ကို အံ့သြစွာနှင့် ငေးကြည့်နေလေ၏။

မောင်သန်းတင်မှာ အသက် ၂၀ အရွယ်တွင် အိမ်မှထွက်ခွာသွားခဲ့၍ ၅ နှစ်ကြာပြီးနောက် ၂၅ နှစ်အရွယ်မှ ပြန်ရောက်လာခြင်း ဖြစ်သော်လည်း ရုပ်ရည်ပြောင်းလဲခြင်းမရှိဘဲ လူချောလူလှတစ်ယောက်ပင် ဖြစ်နေသေးသည့်ပြင် ရှေးကထက် ခံ့ညားသော အမူအရာရှိသည်နှင့်သာ၍ပင် ကြည့်ကောင်းသေးသည်ဟု ဦးသောကြာစိတ်၌ ထင်မှတ်မိလေ၏။ စင်စစ်သော်ကား မောင်သန်းတင်မှာ ကိုယ်လုံးကိုယ်ပေါက် ခပ်ဖြောင့်ဖြောင့်နှင့် အသားဝါဝါ၊ နှာတံပေါ်ပေါ်၊ မျက်လုံးပြူးပြူးနှင့် စူးစိုက်၍ကြည့်တတ်သော ဝါသနာရှိသူတစ်ယောက်ဖြစ်လေရကား ၎င်းက

mgyoe.com

mgyoe.com


စူးစိုက်၍ကြည့်လိုက်သော မိန်းကလေးများသည် ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားအောင် တုန်လှုပ်ခြင်းဖြစ်စေတတ်သည့် ရုပ်လက္ခဏာမျိုးရှိချေ၏။

ဤသို့သော ယောကျ်ားမျိုးကို မိန်းမတို့သည် မထိမဲ့မြင်ပြုခြင်းငှာ မတတ်နိုင်ပေ။ ကုလားထိုင်ပေါ်တွင်ထိုင်၍ ငွေစီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို ထုတ်ယူညှိသောက်ရင်း...

တင်။ ။"သူတို့အားလုံး အိပ်ကုန်ကြပြီမဟုတ်လား"

ကြာ။ ။"ခုနင်က တက်သွားကြတယ်။ အဘိုးကြီးတော့ နေမကောင်းတာ တော်တော်ကြာသွားပြီ။ ဒီတောင်က တက်ကောင်းမှ တက်မယ်"

တင်။ ။"သေတယ်ဆိုတာ အဆန်းမဟုတ်ပါဘူးလေ။ ဒါ လောက်နေရရင် တော်ကြရောပေါ့။ ဒါ့ထက် လမ်းမှာ မောင်ဘဦး တစ်ယောက် မြင်လိုက်ရသလိုလို မှတ်ပါတယ်။ ဒီအိမ်ကို လာသေးသလား"

ကြာ။ ။"ဆရာကြီးနေမကောင်းဘူးကြားလို့ လာမေးတယ်။ သူလည်း ဒီကနေ့ပဲ ပြန်ရောက်သတဲ့။ မောင်သန်းတင်နဲ့ မရှေးမနှောင်း ပျောက်သွားကြတာပဲ"

တင်။ ။"ဒီကနေ့ ရောက်သတဲ့လား။ ဒါဖြင့် သူက သင်္ဘောနဲ့ လာတယ်ထင်တယ်၊ ကျွန်တော်က မီးရထားနဲ့ ခုပဲရောက်လာတယ်။ သူက ကျွန်တော့်အကြောင်း မေးသေးသလား"

ကြာ။ ။"မေးပါသေးတယ်။ မောင်သူတော်တို့ မတင်ကြည်တို့နဲ့တောင် တွေ့သွားပါသေးတယ်"

တင်။ ။"သူကတော့ အပြီးပြန်လာခဲ့တာ ထင်ပါရဲ့"

ကြာ။ ။"ဒီလိုပဲ ပြောသွားတယ်"

တင်။ ။"ကျွန်တော် တစ်ခုမေးစမ်းပါရစေဦး၊ နယ်ပိုင်ဝန်ထောက်

mgyoe.com

mgyoe.com


ကတော် မခင်ခင်ကြီးတစ်ယောက် ဒီမြို့ပြန်ရောက်လာတယ်ဆို"

ကြာ။ ။"သူ့ယောက်ျားဝန်ထောက်မင်း ဆုံးလို့တစ်လလောက်က ပြန်ရောက်ပြီး ပိုလိုကွင်းနားမှာ အိမ်ကြီးတစ်လုံးငှားနေလေရဲ့"

တင်။ ။"ဩော် သူ့ယောက်ျားဆုံးသွားပြီတဲ့လား"

ကြာ။ ။"မိုးကုတ်မှာ ဆုံးခဲ့ပြီတဲ့။ တယ်ချောတဲ့မိန်းမ တစ်ယောက်ပဲ။ ခုထက်ထိ အပျိုကလေးလိုပဲ ရှိရှာသေးတယ်။ သူ့ယောက်ျားက ပစ္စည်းတွေ အများကြီးထားခဲ့တယ်ဆိုတာပဲ။ ဟုတ်ပုံရတယ်၊ နေပုံထိုင်ပုံက တကယ့်မင်းကတော်ကြီးအတိုင်းပဲ။ မော်တော်ကားနဲ့၊ အခိုင်းအစေတွေနဲ့၊ ရေဒီယိုနဲ့ သိပ်မြိုင်တာပဲ"

တင်။ ။"သားသမီးမရဘူးတဲ့လား"

ကြာ။ ။"တစ်ယောက်မှ မမွေးဘူးပြောတယ်၊ တင်လိုက်တာလွန်ရော"

မောင်သန်းတင်သည် ဆက်လက်၍ စကားမပြောတော့ဘဲ စီးကရက်အတိုကိုပစ်၍ အသစ်တစ်လိပ်ညှိပြီးလျှင် တွေးတောရင်းသောက်ဖွာလျက်ရှိနေလေ၏။

တင်။ ။[စီးကရက်မှပြာကိုခါထုတ်ရင်း]"ပြန်လာတာ မဟုတ်ဘူး၊ ခဏလာတာပါ၊ ဒီလိုအရပ်မှာနေလို့ မကြီးပွားနိုင်ဘူး။ လူဖြစ်ပြီး ဒီလိုချောင်ထဲမှာ ကုပ်နေလို့ ဘာလုပ်ဖို့လဲ"

ကြာ။ ။"ဆရာကြီးလည်း ကြာကြာနေရတော့မယ် မထင်ဘူး မောင်သန်းတင်"

တင်။ ။"ဘတော်ကြီးမရှိရင် ကျွန်တော်ရှိမှဖြစ်မှာတဲ့လား။ မောင်သူတော်တို့ ရှိသားကပဲ"

ကြာ။ ။"မြို့ပေါ်က တိုက်တွေ၊ အိမ်တွေကော"

တင်။ ။"ဘာဖြစ်သလဲ၊ သူတို့နဲ့ လွှဲထားခဲ့မှာပေါ့။ ဟိုမှာ

mgyoe.com

mgyoe.com


ကျွန်တော်စီးပွားဖြစ်နေတယ်။ ဒီမှာကျွန်တော် ဘာတစ်ခုမှ မလိုချင်ပါဘူး။ သူတို့မောင်နှမကို ပေးတန်ပေးပစ်ခဲ့မယ်။ သူတော်တို့ တင်ကြည်တို့ဖြင့် ကြီးလှရော့မယ်နော်"

ကြာ။ ။"ဟုတ်ကဲ့ လူပျိုပေါက် အပျိုပေါက်ကလေးတွေ ဖြစ်နေကြပြီကော၊ မတင်ကြည်က သိပ်သွက်တာပဲ။ မအိပ်သေးခင် တွေ့ပါဦးလား၊ ကျုပ် တက်ပြီးခေါ်ပေးမယ်"

တင်။ ။"ဟုတ်ကဲ့။ သူတို့တွေ့ချင်လို့ ကျွန်တော်လာခဲ့တာပဲ။ တစ်ဆိတ်သွားခေါ်ပေးတာ ဘတော်ကြီးတော့ မသိပါစေနဲ့"

ဦးသောကြာသည် မောင်နှမနှစ်ယောက်တို့ကိုခေါ်ရန် အိမ်ပေါ်တက်သွားစဉ် မောင်သန်းတင်သည် ဦးသောကြာ၏အခန်းမှ ဖယောင်းတိုင်ကိုယူခဲ့၍ အိမ်အောက်ထပ်ရှိ ဧည့်ခန်းသို့ ရွှေ့ပြောင်း ထိုင်စောင့်နေလေ၏။

မောင်သူတော်နှင့် မတင်ကြည်တို့သည် ဦးသောကြာနှင့်အတူ ဆင်းလာကြ၍ ဧည့်ခန်းသို့ရောက်ကြသောအခါ မတင်ကြည်သည် မောင်သန်းတင်အား ခင်ခင်မင်မင်ရှိသော အမူအရာမျိုးမရှိဘဲ မောင်သူတော်ကမူ အစ်ကိုကြီးလားဟု တစ်ခွန်းမျှနှုတ်ဆက်ဖော်ရသေး၏။

မောင်သန်းတင်သည် မိမိအား အေးအေးစက်စက် ဧည့်ခံကြခြင်းကို ရိပ်မိသော်လည်း စိတ်နာဟန်လက္ခဏာမရှိဘဲ ခပ်ပြုံးပြုံးမျက်နှာထားနှင့် ပြက်ရယ်ကျီစယ် ပြောလေ၏။

တင်။ ။"ငါ့နှမက အစ်ကိုကြီးတောင် နှုတ်ဆက်ဖော် မရတော့ဘူး။ နှုတ်ခမ်းကြီး စူလို့ပါလား"

ကြည်။ ။"၅ နှစ်တောင် ထွက်သွားလို့မှ စာကလေးတစ်စောင် မပေးတဲ့ အစ်ကိုကြီးကို ဘာလို့နှုတ်ဆက်နေရမှာလဲ"

တင်။ ။"အေးအေးဟုတ်ပေတယ်။ ငါ့နှမ မိန်းမလှမိန်းမချော

mgyoe.com

mgyoe.com



ကြီးတစ်ယောက် ဖြစ်လာပါပြီကောလား။ ရုပ်လှသလောက် စိတ်လှပေစေနော်"

ကြည်။ ။"စိတ်လှတယ်ဆိုတာ ဘာလဲ"

တင်။ ။"စိတ်လှတယ်ဆိုတာ အကျင့်စာရိတ္တကောင်းဖို့ ပြောတာပေါ့နှမရဲ့"

ကြည်။ ။"ဒါတော့ အစ်ကိုကြီးက ပြောဖို့လိုမယ်မထင်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် လှအောင်လုပ်ကြပါဦး"

တင်။ ။(ပြုံးရယ်လျက်)"ငါ့နှမက နှုတ်သီးကောင်း လျှာပါးထဲကပါကလား"

မောင်သူတော်ကမူ နှုတ်ရဲလွန်းသော နှမကလေးအား မျက်ရိပ်ပြကာ သတိပေးလျက်ရှိလေ၏။

ကြည်။ ။"အစ်ကိုကြီးကို ကျွန်မက ဆိုချင်ပြောချင်နေတာ ကြာလှပြီ။ ဘယ့်နှယ်ရှင် အဖေကြီးတစ်ယောက်လုံး မမာနေလို့မှ တော်ဟော့ မတင်ကြည်"

တင်။ ။"ကိုင်း ကိုင်း အစ်ကိုကြီးက ကိစ္စရှိသေးတယ်၊ ကြာကြာကြီးမနေနိုင်ဘူး။ ပြောစရာရှိတာ ပြောလိုက်ကြဦးစို့။ ငါ့အမေက တစ်ယောက်၊ မင်းတို့အမေက တစ်ယောက်ဆိုတာ မင်းတို့သိတယ်မဟုတ်လား"

ကြည်။ ။"သိပါတယ်။ ဒါကြောင့်မို့ အစ်ကိုကြီးက ကျွန်မတို့ဆီ စာမရေးတာပေါ့"

တင်။ ။"နေပါဦးကွယ် နောက်တော့မှ ကြိမ်းတာပေါ့။ ဒီတော့ကာ ငါ့မှာ ငါ့အမေဘက်က အမွေတွေ၊ အိမ်တွေရလိုက်တယ်။ ဒီပစ္စည်းတွေအားလုံးကို ငါမယူလိုတော့ဘူး။ မင်းတို့မောင်နှမနှစ်ယောက်ကို ပေးခဲ့မယ်။ ငါ့မှာ အများကြီးစီးပွားဖြစ်နေလေတော့ မင်းတို့ကို ငါပေးခဲ့

mgyoe.com

mgyoe.com


ချင်တယ်။ ဦးသောကြာ ကြားရဲ့နော်"

ကြာ။ ။"ကြားပါရဲ့ပြောပါ"

ကြည်။ ။"အစ်ကိုကြီးကကော ဘယ်မှာနေမှာလဲ"

တင်။ ။"ဘယ်မှာနေနေ နောက်တော့ သိလိမ့်မယ်။ ဒီတစ်လ လောက်အတွင်းမှာ အစ်ကိုကြီး ဘင်္ဂလားကိုသွားကောင်းသွားရဦးမယ်"

ကြည်။ ။"ဘင်္ဂလား ဘာလုပ်လဲ"

တင်။ ။"အလုပ်ကိစ္စတစ်ခုရှိလို့ပေါ့"

ကြည်။ ။"အမယ် အစ်ကိုကြီးက လက်စွပ်တောင် ဘယ်တစ် ကွင်း၊ ညာတစ်ကွင်း ဝတ်လို့ပါကလား"

ဟု မဆီမဆိုင်ပြောလိုက်လေရာ မောင်သူတော်နှင့် ဦးသောကြာတို့ လည်း ထိုအခါမှ မောင်သန်းတင်၏ လက်ကိုဂရုစိုက်၍ ကြည့်မိကြရာ တွင် လက်ဝဲဘက်လက်သူကြွယ်၌ ဆယ်ရတီခန့်ရှိသော စိန်လက်စွပ် တစ်ကွင်း၊ လက်ယာဘက် လက်သူကြွယ်၌ အလွန်ဆန်းကြယ်သော ကြောင်လက်စွပ်တစ်ကွင်းကို တွေ့မြင်ကြရလေ၏။

* * *

mgyoe.com

mgyoe.com

## အခန်း (၃)

မတင်ကြည် ကြောင်လက်စွပ်ကို စိုက်ငေးလျက်ကြည့်နေသဖြင့် မောင်သန်းတင်မှာ မျက်နှာပျက်လျက်ရှိစဉ်...

ကြည်။ ။"အစ်ကိုကြီးလက်စွပ်က ဝန်ထောက်ကတော် မခင်ခင်ကြီးရဲ့ လက်စွပ်နဲ့ တူလိုက်တာ"

တင်။ ။"ခင်ခင်ကြီးရဲ့လက်စွပ်ကို နှမက မြင်ဖူးလို့လား"

ကြည်။ ။"ကိုယ့်ရွာသူပဲ ကိုယ်မမြင်ဖူးပဲ နေမလား၊ တစ်နေ့က ဒီအိမ်တောင် လာလည်သေးတာကပဲ ဟိုတုန်းက အစ်ကိုကြီးနဲ့ မခင်ခင်ကြီးနဲ့ သိပ်ပြီးခင်ကြတာပဲ"

တင်။ ။"ခင်တုန်းကတော့ ခင်ကြတာပေါ့လေ။ ဟော့ ငါ့ညီ အစ်ကိုကြီးကို တစ်ခုလုပ်ပေးစမ်းကွယ်။ ငါအိပ်တဲ့အခန်းထဲက ဗီရိုထဲမှာ သားရေအိတ်တစ်လုံး ထားခဲ့ပါတယ်။ သွားယူပေးစမ်းပါ။ ရော့ ဟောဒီမှာသော့"

မောင်သူတော်သည် သော့ကိုယူ၍ အိမ်ပေါ်သို့ တက်သွားလေ၏။ ဦးသောကြာမှူကား မီးခွက်အနီးတွင် စာတစ်အုပ်ကို ဖတ်နေလေ၏။

mgyoe.com

mgyoe.com


ကြည်။ ။"အစ်ကိုကြီးကို ကျွန်မ တစ်ခုမေးမယ် ပြောမလား"

တင်။ ။"မေးပါလေ ပြောတာပေါ့"

ကြည်။ ။"အစ်ကိုကြီး ထွက်သွားတာ ဘာကြောင့်ထွက်သွားတာလဲ"

တင်။ ။(မျက်နှာပျက်လျက်)"တစ်နေ့နေ့တော့ ပြောပြဦးမယ်၊ အခုတော့ မပြောချင်သေးဘူး"

ကြည်။ ။"တစ်ယောက်မေးလည်း ဒီလို၊ တစ်ယောက်မေးလည်း ဒီလို"

တင်။ ။"ဘယ်သူ့ကို မေးကြည့်သေးလို့လဲ"

ကြည်။ ။"ခပ်စောစောက ကိုဘဦးကို မေးကြည့်တယ်။ ဒီလိုပဲ ပြောသွားတယ်"

တင်။ ။"ဟော့ မတင်ကြည် မောင်ဘဦးကို သတိထားနော်။ ဒီလူက သူ့စိတ်နဲ့မတွေ့ရင် အင်မတန်ဆိုးတဲ့လူတစ်ယောက်ကွဲ့။ သတိထားပေါင်းနော်"

ကြည်။ ။"ဒါဖြင့် ကျွန်မ တစ်ခုမေးမယ်။ အစ်ကိုကြီး ထွက်သွားခြင်းဟာ ခင်ခင်ကြီးနဲ့ ပတ်သက်လို့လား"

တင်။ ။"ဒီအကြောင်းတွေ မမေးပါနဲ့ဦးလို့ဆို။ မင်းတို့နဲ့ ဘာမှ မဆိုင်ပါဘူး။ ငါ့မှာရှိတဲ့ တိုက်တာနေအိမ်တွေကို မင်းတို့ကိုပေးခဲ့ပြီ။ ငါ့စီးပွားနဲ့ ငါလူလုပ်နိုင်ပြီ။ နောက်ကို ငါ ဘယ်တော့မှ ဇရစ်ချောင်ကို မလာတော့ဘူး။ ဒီတစ်ခါနောက်ဆုံးပဲ"

ကြည်။ ။"ဖေဖေရှိတာတောင် မလာတော့ဘူးလား"

တင်။ ။"ဖေဖေနဲ့ငါနဲ့ တည့်ကြတာမဟုတ်ဘူးကွဲ့။ မင်းတို့ မေမေက သဘော ကောင်းလွန်းလို့သာ ငါနေခဲ့တယ်။ နို့မို့ဖြင့် ငါထွက်ပြေးတာ ကြာလှပြီ။ ယခုငါ့ပစ္စည်းတွေကို ပေးခဲ့ခြင်းဟာလည်း မင်းတို့

mgyoe.com

mgyoe.com


မေမေကို ကျေးဇူးဆပ်တဲ့သဘောနဲ့ ပေးခဲ့ခြင်းဖြစ်တယ်"

ကြည်။ ။"ဖေဖေလည်း ဒီတောင်က တက်တော့မယ်မထင်ဘူး။ တက်ကြည့်ပါဦးတော့လား အစ်ကိုကြီးရယ်"

တင်။ ။"တော်ပါပြီ။ ငါ့မျက်နှာမြင်ရင် စိတ်မကောင်းဖြစ်နေပြန်ဦးတော့မယ်။ သေရမှာဖြစ်ရင် ကြည်ကြည်ရွှင်ရွှင်ပဲ သေရှာပါစေတော့ မနှောင့်ယှက်တော့ပါဘူး"

ထိုခဏ၌ မောင်သူတော်သည် သားရေအိတ်တစ်လုံးကိုကိုင်လျက် ဆင်းလာလေရာ မောင်သန်းတင်သည် သားရေအိတ်ကိုလှမ်းယူ၍ ဖွင့်ကြည့်ပြီးလျှင် စာရွက်များကိုထုတ်ယူ၍ မိမိ၌ပါသော အခြားသားရေအိတ်တစ်လုံးသို့ ပြောင်းရွှေ့သွတ်သွင်းပြီးနောက် သားရေအိတ်နှစ်လုံးစလုံးကို အင်္ကျီအိတ်ထဲ၌ ထည့်ထားလိုက်လေ၏။

၎င်းနောက် မောင်နှမသုံးယောက်တို့သည် မြို့ပေါ်၌ရှိသော တိုက်လခနှင့် အိမ်လခမှစ၍ သစ်လုပ်ငန်းအကြောင်းတို့ကို ဆွေးနွေးမေးမြန်းနေကြလေ၏။

တင်။ ။[ချွတ်ထားသောအင်္ကျီကိုကောက်ဝတ်လျက်] "ကိုင်းတော်တော်ညဥ့်နက်သွားပြီ။ အစ်ကိုကြီးသွားလိုက်ဦးမယ်။ စာထည့်ချင်ရင် ဟောဒီလိပ်စာအတိုင်း ထည့်လိုက်ကြပေတော့" ဟု ပြော၍ ကားချပ်ကလေးတစ်ခုကို ထုတ်ပေးလေ၏။

တော်။ ။"အစ်ကိုကြီး ဒီမှာမအိပ်ဘူးလား။ ဘယ်ပြန်မှာလဲ"

တင်။ ။"မနက်စောစောရထားနဲ့ ရန်ကုန်ပြန်ရမယ်"

ကြည်။ ။"မြန်လှချေကလား အစ်ကိုကြီးရယ်"

တင်။ ။"မြို့ထဲမှာ မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားသေးတယ်"

ကြည်။ ။"ကာဖီလေးတစ်ခွက်လောက် သောက်သွားပါဦး

mgyoe.com

mgyoe.com


တော့"

တင်။ ။"ရှိပါစေ ဟိုကျမှသောက်တော့မယ်။ ကိုင်း ဦးသောကြာ ပြန်ဦးမယ်ဗျာ။ သွားသေးပြီ အားလုံး အားလုံး"

၎င်းနောက် မောင်သန်းတင်သည် ဝင်းတံခါးမှထွက်၍ မြို့ဘက်သို့ လျှောက်သွားလေရာ ဦးသောကြာလည်း ဝင်းတံခါးကို ပိတ်ထားလိုက်လေ၏။

ဦးသောကြာသည် အိမ်တွင်းသို့ပြန်ဝင်လာသောအခါ မောင်နှမ နှစ်ယောက်တို့သည် အိမ်ပေါ်သို့ မတက်ကြသေးသည်နှင့် မောင်သန်းတင်အကြောင်းကို သုံးယောက်သား ဝိုင်းဖွဲ့ကာ တိုင်ပင်ပြောဆိုလျက် ရှိနေကြလေသေး၏။ ၁၅ မိနစ်ခန့်ကြာလတ်သော် အိမ်ရှေ့မှ ခေါ်သံ ကြားသည်နှင့် ဦးသောကြာသည် ဝင်းတံခါးကို တတိယအကြိမ်မြောက် ဖွင့်ပေးရပြန်လေရာ မိန်းမတစ်ယောက်နှင့် အစေခံတစ်ယောက်သည် အိမ်တွင်းသို့ ဝင်လာကြလေ၏။ မတင်ကြည်သည် ဝင်လာသော ဧည့် သည်များကို မြင်ရသောအခါ ထိုင်ရာမှထ၍

ကြည်။ ။"အလို ဒေါ်ခင်ခင်ကြီးပါကလား၊ မိုးကြီးချုပ်မှ ဘာ ကိစ္စပါလိမ့်"

ခင်။ ။"ကိစ္စကြီးလို့ပေါ့လေ၊ လာစမ်းပါဦး ညီမရဲ့" ဟုခေါ် ပြီးလျှင် မိန်းမနှစ်ယောက်တို့သည် တီးတိုးစကားပြောလျက် ရှိကြလေ၏။

ခင်ခင်ကြီးဆိုသူမှာ အသက် ၂၆ နှစ်အရွယ်ရှိ၍ ပုပုပြတ်ပြတ် သေးသေးသွယ်သွယ်နှင့် အလွန်ချစ်ခင်ဖွယ်ကောင်းသော ရုပ်လက္ခဏာ ရှိပေရာ ၎င်း၏မျက်နှာမှာ ရှားမှရှားဟူ၍ ဆိုလောက်အောင် အလွန်တရာ ချောမောလှပခြင်းနှင့် ပြည့်စုံပေ၏။ ထိုအချိန်မှာ ၁၂ နာရီထိုးပြီးပြီ ဖြစ်သော်လည်း ခင်ခင်ကြီးသည် ရုပ်ရှင်ပွဲမှ ပြန်လာသည် ဖြစ်သော ကြောင့် စိန်နားကပ်၊ စိန်ကြယ်သီး၊ စိန်လက်ကောက်တို့ဖြင့် တဝင်းဝင်း

mgyoe.com

mgyoe.com



ရှိသည့်အပြင် မျက်နှာတွင်လည်း မျက်နှာချေပေါင်ဒါတို့ဖြင့် တဖွေးဖွေး ရှိ၍ တစ်ကိုယ်လုံးမှာလည်း ရေမွှေးနံ့တကြိုင်ကြိုင် ရှိနေပေ၏။ မတင်ကြည်သည် စကားပြောရင်း ၎င်း၏သစ်လွင်သော အဝတ်အစားများနှင့် ဖွေးဖွေးဖြူသော မျက်နှာကို ကြည့်မိရာတွင် ရှေးယခင်ကထက်ပင် ချောလှပေသည်ဟု မှတ်ထင်မိသေး၏။

ကြည်။ ။"မိုးကြီးချုပ်လှမှ ဘာကိစ္စများလဲ ဒေါ်ခင်ခင်ကြီးရဲ့"

ခင်။ ။"ကိုသန်းတင်တစ်ယောက် ပြန်လာတယ်ဆို"

ကြည်။ ။"ပြန်တော့လာတယ်"

ခင်။ ။"သူဘယ်မှာလဲ"

ကြည်။ ။"ခုနင်ကပဲ ပြန်သွားပြီ"

ခင်။ ။"ဘယ်ပြန်သွားသလဲ"

ကြည်။ ။"မနက်စောစောရထားနဲ့ ပြန်မယ်ဆိုပြီး မြို့ထဲပြန်သွားတယ်"

ခင်။ ။"သူဒီမှာမအိပ်ဘူးလား"

ကြည်။ ။"မအိပ်ဘူး ဘူရောက်မှန်း ဘယ့်နှယ်သိသလဲ"

ခင်။ ။"ကားမောင်းတဲ့ဘိုးဟန်က မြင်လိုက်တယ်ပြောတယ်။ သူ ဘယ်အိပ်မယ်ပြောသလဲ"

ကြည်။ ။"မဆိုနိုင်ဘူး၊ ဘာမှမပြောသွားဘူး"

ခင်။ ။"ကိုင်း ဒါဖြင့် အိပ်ရစ်ကြပေတော့၊ လိုက်ရှာလိုက်ဦးမယ်။ ဘူတာရုံများ တွေ့ကောင်းပါရဲ့"

ခင်ခင်ကြီး ထွက်သွားသောအခါ ဦးသောကြာနှင့် မောင်နှမနှစ်ယောက်တို့သည် စကားပြောလျက်နေကြသေး၏။

ကြည်။ ။"ဦးသော်ကြာ ကျွန်မမေးမယ်နော် ပြောစမ်းပါ"

ကြာ။ ။"ပြောတာပေါ့ မတင်ကြည် ဘာများပါလဲ"

mgyoe.com

mgyoe.com


ကြည်။ ။"ဟိုတုန်းက အစ်ကိုကြီးနဲ့ ခင်ခင်ကြီးနဲ့ ကြိုက်ဖူးကြသလား"

ကြာ။ ။"ခင်ခင်ကြီး အပျိုတုန်းကတော့ သိပ်ပြီးလူကြိုက်များတဲ့ မိန်းကလေးပေါ့၊ ပွဲစားရော၊ ကုန်သည်ရော၊ စာရေးရော၊ မြို့အုပ်ရော၊ အရာရှိတွေ ထွေးနေတာပဲ။ ဟိုလူ့နဲ့ ယူမှာလိုလို၊ ဒီလူနဲ့ ယူမှာလိုလို ဒီအထဲမှာ မောင်သန်းတင်နဲ့ မောင်ဘဉီးတို့လည်းပါတယ်"

ကြည်။ ။ "ဪ ကိုဘဉီးလည်း ပါသေးသကိုး ပြောစမ်းပါဦး"

ကြာ။ ။ "သူ့ပိုးကြတဲ့အထဲမှာ မောင်ဘဉီးနဲ့ မောင်သန်းတင်ဟာ အနီးစပ်ဆုံးပါပဲ။ တစ်လတော့ မောင်ဘဉီးနဲ့ယူတော့မလိုလို၊ တစ်လတော့ မောင်သန်းတင်နဲ့ ယူတော့မလိုလို"

ကြည်။ ။"ဒါဖြင့် ဘာကြောင့် သူတို့နဲ့မရဘဲ ဝန်ထောက်နဲ့ရသွားသလဲ"

ကြာ။ ။"ဟိုလိုလို ဒီလိုလိုဖြစ်နေတုန်း တစ်နေ့သ၌တော့ ဗြုန်းဆို မောင်သန်းတင်ရော၊ မောင်ဘဉီးရော ပျောက်သွားကြပါလေရော။ သူတို့ပျောက် သွားလို့ ၅ ရက်လောက် အတောအတွင်းမှာပဲ ခင်ခင်ကြီးက နယ်ပိုင်ဝန်ထောက်နဲ့ ယူလိုက်ကရော မတင်ကြည်ရဲ့"

ကြည်။ ။"ဝန်ထောက်ကြီးက ကြီးလှပြီမဟုတ်လား"

ကြာ။ ။"ဟုတ်တယ်။ မုဆိုးဖိုကြီးပဲ သူ့အဖေလောက် ရှိပါလိမ့်မယ်။ အခုတော့ ဝန်ထောက်ကြီးရဲ့ပစ္စည်းတွေကို ခင်ခင်ကြီးက အားလုံးရလိုက်တော့တယ်ဆိုပဲ။ ဒီယုန်မြင်လို့ ဒီချုံထွင်တာဆိုတာမျိုးပေါ့လေ"

ကြည်။ ။"မိန်းမကတော့ ချောတော့ ချောပါရဲ့။ နို့ပေမဲ့ ကျွန်မဖြင့် ယောင်းမ မတော်ချင်ပေါင်။ သိပ်မရိုးဘူးထင်တယ်"

ကြာ။ ။"ဒီမိန်းမမျိုး ဘယ်ကရိုးလိမ့်မှာလဲ"

ကြည်။ ။"ကိုင်း ကိုင်း ညဥ့်လည်းနက်လှပြီ။ အိပ်ကြဦးစို့"

mgyoe.com

mgyoe.com


၎င်းနောက် မောင်နှမနှစ်ယောက်တို့သည် အိမ်ပေါ်သို့ တက်သွားကြ၍ အိပ်ပျော်လျက်ရှိသော ဖခင်လူနာကိုဝင်၍ ကြည့်ကြပြီးလျှင် မိမိတို့၏ အခန်းသို့ အသီးသီးဝင်ကြလေကုန်၏။

မောင်သူတော်သည် စာဖတ်ဝါသနာပါသူတစ်ယောက်ဖြစ်သည့် အလျှောက် အိပ်ရာပေါ်တွင် စာဖတ်လျက်ရှိရာ မတင်ကြည်မှုကား အိပ်ရာပေါ်တွင် လှဲသည်နှင့်တစ်ပြိုင်နက် အိပ်ပျော်သွားလေ၏။ သို့ရာတွင် မတင်ကြည်သည် မနက်စောစောတွင် ဖခင်အား ဝတ်ပြုရန်ရှိသည်နှင့် အရုဏ်တက်ချိန်တွင် အိပ်ရာမှနိုး၍ ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်ရာတွင် အရှေ့ကောင်းကင်မှ လင်းစပြုနေသည်ကို တွေ့မြင်ရလေ၏။ ထိုခဏ၌ ပိုလိုကွင်းဆီမှ သေနတ်သံတစ်ချက် ကြားလိုက်ရသဖြင့် မတင်ကြည်သည် အံ့သြစွာ တွေးတောနေစဉ် မောင်သူတော်သည် အခန်းတံခါးကို အပြင်မှခေါက်၍ ဖခင်ဦးထွန်းပြည့် အသက်မရှိသည့် အကြောင်းကို ပြောလာလေ၏။

* * *

mgyoe.com

mgyoe.com

## အခန်း (၄)

ကသာမြို့၏ မြောက်ဖွန်းရှိ အစိုးရအရာရှိများ စုဝေးရာကလပ်နှင့် ပိန္နဲကုန်းရွာအကြားတွင် ရေကန်ကြီးတစ်ကန်ရှိလေရာ မိုးတွင်းအခါတွင်း ရေများ ပြည့်လျှံ၍ ကလေးသူငယ်တို့ ရေချိုးခြင်း၊ ရေကူးခြင်းစသည်ဖြင့် ဆူညံစွာရှိသော်လည်း နွေကာလ၌မူ အနည်းငယ်မျှ ကျန်နေသော ရေကလေးကို မြစ်ဖက်သို့ ဖောက်ထုတ်၍ တံငါသည်တို့က ယင်းများ ကာဆီးကာ ငါးဖမ်းကြပြီးနောက် လုံးလုံးပင် ခန်းခြောက်လျက်ရှိလေ၏။ သေနတ်သံကြားလိုက်ရသော နံနက်စောစော အချိန်တွင်မူကား ရေခန်း ခြောက်လျက်ရှိသော ကန်ပေါင်ရိုးတွင် ပုလိပ်အရာရှိနှစ်ယောက် ပုလိပ် သားတစ်ယောက်၊ ဆရာဝန်တစ်ယောက်နှင့် ရွာသားတစ်ယောက်သည် ကန်ပေါင်ရိုးပေါ်တွင် ပက်လက်လန်လျက် သေနေသော အလောင်း တစ်လောင်းကို ဝိုင်းအုံကြည့်ရှုကာ ရှိနေကြလေ၏။ စင်စစ်မှာ ပိန္နဲကုန်း ရွာသားသည် ဘူတာရုံမှကူလီလုပ်၍ အပြင်ကန်ပေါင်ရိုးပေါ်တွင် ထိုအလောင်းကို တွေ့သည်နှင့် ဌာနာသို့တိုင်တန်း၍ ဆရာဝန်များပါ ခေါ်ဆောင်ခဲ့ပြီးလျှင် အတူတကွပြန်လာကြခြင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com


အလောင်းမှာ သက္ကလတ်အင်္ကျီ၊ ဘန်ကောက်လုံချည်၊ ရှူးဖိနပ် အနက် စသည်တို့ ဖြင့် ကောင်းမွန်စွာ ဝတ်ဆင်ထားသည့်ပြင် ခပ်ရှည် ရှည် ကိုက်ညှပ်ထားသော ဘိုကေကို သပ်ရပ်စွာနောက်သို့လှန်၍ ဖြီးထား လေ၏။ ၎င်း၏နားထင်၌ကား သေနတ်ထိမှန်ထားသော ဒဏ်ရာတစ်ခု ရှိလေရာ ၎င်းမှ ယိုစီး၍ထွက်သော သွေးများသည် မခြောက်သေးဘဲ မြေပေါ်တွင် ရဲရဲနီလျက် ရှိနေလေ၏။ ရှေးဦးစွာတွေ့ရှိသော ကူလီအလုပ် သမားသည် တစ်ရွာသားဖြစ်သောကြောင့် ထိုအလောင်းကို မည်သူ မည်ဝါဟူ၍ မပြောနိုင်ဘဲ ဌာနာသို့သွားရောက်တိုင်တန်းခြင်း ဖြစ်လေရာ ပုလိပ်အရာရှိများနှင့် ဆရာဝန်တို့ကလည်း မခွဲခြားနိုင်ဘဲ ရှိကြသေး၏။

ထိုခဏတွင် ဇရစ်ချောင်ရွာသားတစ်ယောက်သည် ပိန္နဲကုန်းရွာ ဘက်မှ လျှောက်လာ၍ အလောင်းကိုဝင်ကြည့်ပြီးလျှင် "အလို ကိုသန်းတင် နဲ့ တူလိုက်တာပါကလား" ဟု လွှတ်ခနဲ ပြောလိုက်ရာ ဌာနအုပ်က

"မင်းသိသလား"

"သိတယ် ထင်တာပဲ ခင်ဗျာ"

"ဘယ်က ကိုသန်းတင်လဲ"

"ဦးထွန်းပြည့်ရဲ့သား ကိုသန်းတင်ထင်တယ်ခင်ဗျ၊ နို့ပေမဲ့ သူပျောက်သွားတာ ကြာလှပြီခင်ဗျ"

ထိုခဏ၌ အခြားရွာသားတစ်ယောက် ရောက်လာပြန်ရာ အလောင်းကို ဝင်ကြည့်၍

"ဟုတ်သား ကိုသန်းတင်ပဲ။ မနေ့ညကတောင် ဘူတာရုံမှာ မြင်လိုက်သေးတယ်"

"မင်းသိသလား"

"ဘာကြောင့် မသိသလဲခင်ဗျာ ကျုပ်တို့အိမ်နီးချင်းပဲ"

"ကိုင်း ဒါဖြင့် ရွာသားတွေခေါ်ပြီး ဆရာဝန်က အလောင်းကို

mgyoe.com

mgyoe.com


ဆေးရုံယူသွားကြပေ တော့။ ကျွန်တော်တို့က ဦးထွန်းပြည့်အိမ် သွားပြော လိုက်ဦးမယ်"

ငင်းနောက် ဆရာဝန်သည် ရွာသားများကို ခေါ်စေ၍ အလောင်းကို ထမ်းစင်ဖြင့်တင်၍ ဆေးရုံသို့ ဆောင်ယူစေရာ ရာဇဝတ်အုပ်နှင့် ဌာနာအုပ် တို့သည် ဦးထွန်းပြည့်၏ နေအိမ်သို့ သွားကြလေ၏။ ဦးထွန်းပြည့်၏ အိမ်၌ကား ရွာသားများသည် ထိုနေ့နံနက်စောစောတွင် ကွယ်လွန်အနိစ္စ ရောက်သော ဦးထွန်းပြည့်၏အလောင်းကို ထုံးစံအတိုင်း ပြင်ဆင်ပေး သည့်အလုပ်ဖြင့် ရှုပ်ယှက်ခတ်ရှိနေကြလေရာ မောင်သူတော်နှင့် မတင် ကြည်တို့လည်း ပုလိပ်အရာရှိများကို ဧည့်ခံကြရလေ၏။ ဌာနာအုပ်မှာ အသုဘကိစ္စတစ်ခုပေါ်တွင် တစ်ခုဆင့်လျက်ရှိသည့် ထိုမောင်နှမနှစ်ယောက် တို့အား မောင်သန်းတင်အကြောင်းကို အပြောရခက်လျက် အားနာပါးနာနှင့် နှုတ်ဆိတ်စွာရှိလေ၏။ ထိုခဏတွင် မောင်ဘဦးလည်း ပျာယီးပျာယာနှင့် ရောက်လာလေ၏။

အုပ်။　　။"ပြောရမှာ အားနာစရာကြီး ဖြစ်နေပြီကော မောင်သူ တော်"

တော်။　　။[နှမ၏မျက်နှာကို လှမ်းကြည့်လျက်]"ဘာများပါလိမ့် ဌာနာအုပ်မင်း"

အုပ်။　　။"မောင်တို့အစ်ကိုတစ်ယောက် ပျောက်သွားဖူးတယ်ဆို"

တော်။　　။"ဟုတ်ကဲ့၊ မနေ့ညက ပြန်ရောက်လာပါတယ် ဘာ ဖြစ်လို့လဲ"

အုပ်။　　။"မြစ်နားက ကန်ပေါင်ရိုးပေါ်မှာ သူ့အလောင်းကို တွေ့ခဲ့ရတယ်"

ထိုအခါ ဦးသောကြာနှင့် မောင်ဘဦးတို့လည်း ပြေးလာကြလေရာ ထိုပရိသတ် အနက်တွင် အတုန်လှုပ်ဆုံးသူကား ဦးသောကြာပင် ဖြစ်

mgyoe.com

mgyoe.com


လေ၏။

ကြာ။ ။[ရှင်ဘတ်ကိုထိုးလျက်]"ဖြစ်မှဖြစ်ရပလေခင်ဗျာ၊ ညက ပဲ ပြန်ရောက်တယ်၊ အခုသေရှာပါလိမ့်ခင်ဗျာ"

အုပ်။ ။"သေတာတော့ ဒဏ်ရာနဲ့ သေတာပဲ၊ လူသတ်လို့ သေရှာတယ်ထင်တယ်။ အလောင်းကိုတော့ ဆေးရုံပို့လိုက်ရပြီ"

ကြာ။ ။"ကြုံမှကြုံရပလေခင်ဗျာ။ အဖေကြီးဆုံးလို့ အလောင်းမှ မအေးသေးဘူး။ သားက လူသတ်သေပြန်ပြီ။ ဒုက္ခတွေ ရောက်ကုန်ကြ ပါပြီခင်ဗျာ"

ထိုခဏ၌ ဝန်ထောက်ကတော် ခင်ခင်ကြီးသည် အိမ်ပေါ်သို့တက် လာ၍ ဖခင်ကွယ်လွန်ရှာသူ မတင်ကြည်အား ဝမ်းနည်းစကားပြောလျက် ရှိရာ မောင်ဘဦးမှာမူ ခင်ခင်ကြီးကို မြင်လိုက်ရသောအခါ မျက်နှာပျက်၍ သွားလေ၏။

ခင်။ ။"ဖြစ်ရပလေ မတင်ကြည်ရယ်၊ ခင်လည်း ကြားကြား ခြင်း ပြေးလာခဲ့တာပဲ ဒီလိုဆိုရင် ကိုသန်းတင်ကို အကြောင်းကြားဦးမှဖြစ် မယ်။ မနေ့ညက ဒီကပြန်သွားပြီးတဲ့နောက် ကိုသန်းတင်နဲ့ တွေ့ရသေး တယ်။ သူမပြန်ဖြစ်သေးပါဘူး၊ ဘူတာရုံက ဧည့်ခန်းမှာ တည်းခိုနေပါ လိမ့်မယ်။ ချက်ချင်း လွှတ်လိုက်ကြပါဦး"

တော်။ ။"ပြောလိုက်ကြပါဦးလေ"

အုပ်။ ။"ဒီလိုပါ မင်းကတော်၊ ကိုသန်းတင်တစ်ယောက် မရှိ တော့ပါဘူး။ သူ့အလောင်းကို ကျွန်တော် တွေ့ခဲ့ရပါတယ်"

ခင်။ ။[ဌာနာအုပ်မင်းဘက်သို့ ချာခနဲလှည့်လျက်]"ရှင် ဘယ်သူလဲ၊ ဘာအလောင်း ရှင်တွေ့ခဲ့တာလဲ"

အုပ်။ ။"ကိုသန်းတင်ရဲ့အလောင်းကိုတွေ့ခဲ့ရလို့ ဆေးရုံပို့ လိုက်ရပြီ မင်းကတော်"

mgyoe.com

mgyoe.com


ခင်။ ။"တောက်တီးတောက်တဲ့ မပြောပါနဲ့။ ဘယ်က ဟုတ်နိုင်မှာလဲ မနေ့ညကတောင် ကျွန်မနဲ့တွေ့သေးတာပဲ"

အုပ်။ ။"အမှန်ပါ မင်းကတော် ကန်ပေါင်ရိုးပေါ်မှာ လူသတ်ပြီးသေနေလို့ ဆေးရုံကို ပို့လိုက်ရပြီးပါပြီ"

ထိုအခါ ခင်ခင်ကြီးသည် လည်ချောင်း၌ ဆို့တက်လာသော အလုံးကို လက်တစ်ဖက်ဖြင့် နှိပ်ချလျက် အခြားလက်တစ်ဖက်ဖြင့် မောင်ဘဦးကို ညွှန်ပြီးလျှင်

ခင်။ ။"ကိုသန်းတင်သေလျှင် ဟောဒီလူ သတ်မှာပဲ။ ဧကန္တ သူသတ်မှာပဲ။ ဟိုတုန်းကတည်းက ကိုသန်းတင်ကို တွေ့ရာသချိုင်းပဲလို့ သူပြောဖူးတယ် မဟုတ်ဘူးလား။ ရှင်မပြောဖူးဘူးလား အောင်မယ်လေး ကိုသန်းတင်ရဲ့ ၅ နှစ်ကွဲပြီး တစ်ခါပြန်တွေ့ရလို့ ယူပါတော့မယ်လို့ ကတိထားပြီးတဲ့နောက်မှ သေရှာရလေခြင်း ကိုသန်းတင်ရဲ့"

၎င်းနောက် မတင်ကြည်သည် တက်တော့မတတ် ငိုယိုလျက်ရှိသော ခင်ခင်ကြီးကို မိန်းမငြိမ်းသည်များ၏အကူအညီဖြင့် အခန်းထဲသို့ တွဲခေါ်သွားလေရာ မောင်ဘဦးမှုကား လက်ကိုကိုင်လျက် မှိုင်ငေးကာ ထိုင်နေရစ်လေ၏။ ဌာနာအုပ်သည် မောင်ဘဦးအနီးသို့ ချဉ်းကပ်၍

အုပ်။ ။"ဟုတ်ကဲ့လား ကိုဘဦး မင်းကတော်ပြောတာ ဟုတ်လား"

ဦး။ ။"ဘာဟုတ်တာလဲဗျ"

အုပ်။ ။"ခင်ဗျားက ကြုံးဝါးဖူးတယ်ဆိုတာ ဟုတ်ကဲ့လား"

ဦး။ ။"ကြုံးဝါးတုန်းတော့ ကြုံးဝါးဖူးတာပေါ့ဗျာ ဟိုတုန်းကတော့ လူငယ်တွေဖြစ်လေတော့ စိတ်မာန်အလျောက် ကြုံးဝါးဖူးတာပေါ့ အခုတော့ မောင်သန်းတင်အပေါ်မှာ အမျက်ပြေတာ ကြာပါပြီ။ ဘယ်လိုမှ မအောက်မေ့တော့ပါဘူး"

mgyoe.com

mgyoe.com


အုပ်။ ။"ကိုသန်းတင်နဲ့ ခင်ဗျား မတွေ့တာဘယ်လောက်ကြာပြီလဲ"

ဦး။ ။"၅ နှစ်ကျော်ကျော်လောက်ရှိပါပြီ"

အုပ်။ ။"သူဘာကြောင့် သေမယ်ဆိုတာ ခင်ဗျားမသိဘူးပေါ့"

ဦး။ ။"ခင်ဗျားက ကျုပ်ကို စစ်ချက်ထုတ်နေတာလား"

အုပ်။ ။"မဟုတ်ရပါဘူးဗျာ။ အရာရှိအဖြစ်နဲ့ မေးခြင်းမဟုတ်ပါဘူး၊ မိတ်ဆွေအဖြစ်နဲ့ မေးခြင်းဖြစ်ပါတယ်"

ဦး။ ။"ကျုပ်ဘာမှမသိဘူးဗျို့၊ သေမှန်းလည်းမသိဘူး၊ ဘယ်သူသတ်မှန်း လည်းမသိဘူး၊ သေတယ်ဆိုတာတောင် ခင်ဗျားတို့ ပြောမှ ကြားရတာပဲ"

ထိုစကားကို ကြားကြရသော ပရိသတ်တို့ကမူ မောင်ဘဦးနှင့် မောင်သန်းတင်တို့သည် ခင်ခင်ကြီး အပျိုစင်ဘဝက ရည်းစားလုဖက်များ ဖြစ်ခဲ့ကြဖူးသည့်အဖြစ်ကို သတိရကြသည်နှင့် တစ်ယောက်တစ်မျိုး တွေးတောရှိနေကြလေကုန်၏။

* * *

mgyoe.com

mgyoe.com

# အခန်း (၅)

မောင်သန်းတင်၏ အလောင်းကိုတွေ့ပြီးနောက် ၂ ရက်မြောက်နေ့တွင် နယ်ပိုင်ဝန်ထောက်မင်းသည် မောင်သန်းတင်သေဆုံးခြင်းနှင့်ပတ်သက်၍ စစ်ဆေးစုံစမ်းရန် ချိန်းဆိုထားရာ နားထောင်သူပရိသတ်တို့မှာ ပြည့်နှက်လျက်ရှိပေ၏။ မောင်သန်းတင်၏အလောင်းကိုမူ ရင်ခွဲရုံမှဆောင်ယူလာခဲ့ပြီဖြစ်၍ ၅ ရက်မြောက်သောနေ့တွင် သင်္ဂြိုဟ်အံ့ဟု ဖခင်၏အလောင်းနှင့် ယှဉ်လျက် ပြင်ဆင်ထားလေ၏။ သားအဖနှစ်ယောက်တို့တစ်နေ့တည်း သေဆုံးကြရခြင်းသည်လည်းကောင်း၊ မနေ့ဥစ္စာ ကြွယ်ဝသူများဖြစ်ကြခြင်းသည်လည်းကောင်း၊ ၅ နှစ်တိုင်တိုင် အိမ်မှထွက်ခွာသွားပြီးမှ ပြန်ရောက်လာခြင်းသည်လည်းကောင်း၊ မည်သူ၏လက်ချက်မှန်းမသိရဘဲ သေဆုံးရခြင်းသည်လည်းကောင်း၊ မကြုံဖူးမကြားဖူးအောင်ရှိနေသည်ဖြစ်၍ ကသာတစ်မြို့လုံးသည် ထိုအမှုကို အလွန်တရာ စိတ်ပါဝင်စားလျက် ရှိကြလေ၏။

အလောင်းများကို နေအိမ်အပေါ်ထပ်တွင် ပြင်ဆင်ထား၍ ဝန်ထောက်မင်းသည် အောက်ထပ်တွင် သေဆုံးလေရာ ရှေးဦးစွာ

mgyoe.com

mgyoe.com


မောင်သူတော်နှင့် မတင်ကြည်တို့ကို စတင်စစ်ဆေးလေ၏။ ၎င်းတို့ ထွက်ဆိုချက်များမှာ ၅ နှစ်လုံးလုံး ပျောက်ကွယ်နေပြီးမှ ပြန်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ မသေမီညက အိမ်သို့ပြန်ရောက်လာ၍ ၁၁ နာရီအချိန်လောက်တွင်ပြန် သွားကြောင်း၊ မည်သူနှင့်တွေ့ဦးမည်ဟု မပြောဘဲ နံနက်စောစောရထားနှင့် ရန်ကုန်သို့ ပြန် လိုက်မည်ဟု ပြောကြောင်းစသည်ဖြင့် များစွာအရေးမကြီးလှသော အချက်များပင် ဖြစ်လေသည်။

ထို့နောက် အလောင်းကိုတွေ့ရှိသော ကုလီမောင်အံ့ဆိုသူကို စစ်ဆေးရာ ၎င်းက မိမိသည် နံနက်စောစော ဘူတာရုံမှအပြန်တွင် ကန်ပေါင်ရိုးပေါ်၌ ပက်လက်လဲနေသော အလောင်းကို တွေ့ရကြောင်း၊ မည်သူမည်ဝါ၏အလောင်းမှန်း မသိရသည်နှင့် ဌာနာသို့တိုင်၍ ဆရာဝန်ကိုပါ ခေါ်လာခဲ့ကြကြောင်းများနှင့် ထွက်ဆိုသွားလေ၏။

ဌာနာအုပ်ကို စစ်ဆေးသောအခါ ထွက်ဆိုသည်မှာ အလောင်း၏ပတ်ဝန်းကျင်၌ မြက်ပင်များ ထူထပ်စွာရှိသောကြောင့် ခြေရာဟူ၍မတွေ့ရကြောင်း၊ ထွေးလုံးသတ်ပုတ်ကြသည့် အထိမ်းအမှတ်များလည်း မတွေ့ရကြောင်း၊ အနီးအနား၌ လက်နက်တစ်စုံတစ်ရာ မတွေ့ရကြောင်း၊ အင်္ကျီအိတ်များကို နှိုက်၍ရှာသောအခါ ငွေစက္ကူ ၁၀ဝိ တန် ၃ ချပ်၊ ၁ဝိ တန် ၅ ချပ်၊ ငွေဒင်္ဂါး ၃ိ နှင့် မူးစေ့မတ်စေ့ အနည်းငယ်၊ ငွေစီးကရက်ဘူးတစ်ခု၊ သားရေအိတ် ၂ လုံး၊ မီးခြစ်ဘူးတစ်လုံး စသည်တို့ကို တွေ့ရကြောင်း၊ သတ်သူသည် ပစ္စည်းကိုအလိုရှိ၍ သတ်ခြင်းဖြစ်ဟန် မတူကြောင်းများနှင့် ထွက်ဆိုသွားလေ၏။

ဆရာဝန်၏ ထွက်ဆိုချက်မှာမူကား အလောင်းကို တွေ့ရှိရသောအခါ ၇ နာရီခန့် ရှိပြီဖြစ်၍ အလောင်း၏အခြေအနေမှာ ၂ နာရီခန့်လောက် ကြာရှိဟန်တူသောကြောင့် နံနက် ၅ နာရီလောက်က သေဆုံးခြင်းဖြစ်ဟန်တူကြောင်း၊ ဒဏ်ရာမှာ ပွဲချင်းပြီးသေလောက်သော ဒဏ်ရာ

mgyoe.com

mgyoe.com


ဖြစ်ကြောင်း၊ ကျည်ဆန်သည် လက်ယာဘက်နားထင်မှဝင်၍ လက်ဝဲဘက်နားနောက်တွင် တွေ့ရှိရသောကြောင့် အတူလမ်းလျှောက်လာရင်း အနီးမှကပ်၍ ပစ်သတ်ဟန်တူကြောင်း ထွက်ဆိုသွားလေ၏။

တရားသူကြီး။ ။"ကိုယ့်ကိုယ်ကိုယ် ပစ်သတ်ခြင်း ဖြစ်နိုင်သလား"

ဝန်။ ။"ဖြစ်နိုင်ပါတယ်၊ နို့ပေမဲ့ အနီးမှာ သေနတ်မတွေ့ရပါဘူး"

ကြီး။ ။ "ကျည်ဆန်က ဘယ်လိုကျည်ဆန်မျိုးလဲ"

ဝန်။ ။"ခြောက်လုံးပြူးသေနတ်က ကျည်ဆန်ဖြစ်ပါတယ်"

ကြီး။ ။"အနီးမှကပ်ပစ်ကြောင်း ဘယ့်နှယ်သိသလဲ"

ဝန်။ ။"လက်ယာဘက်နားထင်မှာ ယမ်းကျွမ်းသွားသည့် ဒဏ်ရာတွေ့ရသည့်အတွက် ကပ်ပြီးပစ်တယ်လို့ ပြောနိုင်ပါတယ်"

ထို့နောက် ဝန်ထောက်ကတော် ခင်ခင်ကြီးကို စစ်ဆေးလေရာ ပရိသတ်တို့သည် အထူးစိတ်ဝင်စားကြသည့်အတွက် အုတ်အုတ်ကျက်ကျက် ဖြစ်သွားလေ၏။

ခင်ခင်ကြီးသည် ဆံပင်ကို ပူပုံထုံးထုံးလျက် တစ်ပတ်နွမ်းလောက်မျှသော အဝတ်အစားမျိုးကိုသာ ဝတ်ဆင်ထားသော်လည်း ပရိသတ်တို့က "သိပ်တင့်တဲ့မိန်းမပဲ ခုထက်ထိ ၁၈ နှစ်သမီးကလေးလောက်ထင်ရတယ်" စသည်ဖြင့် တီးတိုးချီးမွမ်းပြောဆိုကြလေ၏။ ခင်ခင်ကြီးနှင့်အတူ ရန်ကုန်မြို့မှ သူဌေးဦးထွန်းဖဲဆိုသူ အသက် ၄၀ ကျော်အရွယ်ရှိ လူကြီးတစ်ယောက်နှင့် မင်းကတော် ဒေါ်သိန်းဆိုသူ မိန်းမကြီးတစ်ယောက်လည်း ပါလာကြလေရာ ၎င်းတို့သည် ခင်ခင်ကြီး၏နေအိမ်တွင် ဧည့်သည်အဖြစ်နှင့် တည်းခိုနေထိုင်လျက် ရှိကြလေသည်။ ခင်ခင်ကြီးသည် ဧည့်သည်နှစ်ယောက်တို့၏အကြားတွင် ထိုင်လျက်ရှိရာ တရားသူကြီးက မေးခွန်းထုတ်သောအခါ ထလျက်ဖြေဆိုလေ၏။

mgyoe.com

mgyoe.com


ကြီး။ ။"သေသူမောင်သန်းတင်နဲ့ ကျွမ်းပါသလား"

ခင်။ ။"ကျွမ်းပါတယ်၊ ငယ်သူငယ်ချင်းပါ"

ကြီး။ ။"မောင်သန်းတင် ထွက်သွားပြီးတဲ့နောက်မှ ဝန်ထောက်မင်း ဦးကန်နဲ့ အကြောင်းပါတယ်ဟုတ်လား"

ခင်။ ။"မှန်ပါတယ်"

ကြီး။ ။"အကြောင်းပါပြီး မိုးကုတ်ရွှေ့သွားကြတယ် ဟုတ်ပ"

ခင်။ ။"ဟုတ်ပါတယ်"

ကြီး။ ။"ဝန်ထောက်မင်းဦးကန် ဘယ်တုန်းက ဆုံးပါသလဲ"

ခင်။ ။"မနှစ်က ဆုံးပါတယ်"

ကြီး။ ။"မောင်သန်းတင်နဲ့ကွဲသွားတာ ဘယ်လောက်ကြာပြီလဲ"

ခင်။ ။"၅ နှစ်ကျော် ကြာပါပြီ"

ကြီး။ ။"ဒီအတောအတွင်းမှာ တစ်ခါမှ မတွေ့ရဘူးလား"

ခင်။ ။"တစ်ခါမှ မတွေ့ရပါဘူး၊ ကြားလည်းမကြားရပါဘူး"

ကြီး။ ။"နောက်ဆုံးဘယ်နေ့ကတွေ့ရပါသလဲ"

ခင်။ ။"လွန်ခဲ့တဲ့ တနင်္လာနေ့ညက တွေ့ရပါတယ်"

ကြီး။ ။"တွေ့ကြပုံ သိပါရစေ"

ခင်။ ။"တနင်္လာနေ့ညက ဧည့်သည်များနဲ့ ဘိုင်စကုတ် သွားကြည့်ကြတော့ ဒရိုင်ဘာမောင်ဟန်က မောင်သန်းတင်ကို မြင်လိုက်ရတယ်လို့ ပြောပါတယ်။ ဒါနဲ့ ဧည့်သည်များကို အိမ်မှာထားခဲ့ပြီး မောင်ဟန်နဲ့အတူ ဇရစ်ချောင်ကိုလိုက်သွားကြပါတယ်။ ဒီမှာ မတွေ့လို့ အိမ်ပြန်သွားတော့ မောင်သန်းတင်က အိမ်ဝင်းပေါက်က စောင့်နေပါတယ်"

ကြီး။ ။"နောက်ဘာဖြစ်သလဲ"

ခင်။ ။"သူ့ကိုအိမ်ပေါ်ခေါ်သွားပြီး စကားပြောကြပါတယ်"

mgyoe.com

mgyoe.com


ကြီး။ ။"မင်းကတော်နဲ့တွေ့ရအောင် ချိန်းထားတာ မဟုတ်ဘူးပေါ့"

ခင်။ ။"မဟုတ်ရပါ"

ကြီး။ ။"ဒီပြင်တစ်ယောက်နဲ့ချိန်းထားတာ ရှိသေးတယ်လို့ သူကပြောသလား"

ခင်။ ။"ပြောပါတယ်၊ ဘယ်သူနဲ့လို့တော့ မမေးမိပါ"

ကြီး။ ။"မင်းကတော်နဲ့ ဘယ်လောက်ကြာကြာ စကားပြောကြပါသလဲ"

ခင်။ ။"၁၂ နာရီလောက်ထိအောင် နေသွားပါတယ်"

ကြီး။ ။"ဧည့်သည်တွေနဲ့ကော တွေ့သေးသလား"

ခင်။ ။"မတွေ့ပါ၊ နှစ်ယောက်တည်း စကားပြောကြပါတယ်"

ကြီး။ ။"သူပြန်တော့ ဘယ်ဘက်ကို သွားပါသလဲ"

ခင်။ ။"မြို့ဘက်ကို လျှောက်သွားပါတယ်"

ကြီး။ ။"ဒီနောက်ကို မတွေ့ရတော့ဘူးလား"

ခင်။ ။"မတွေ့ရတော့ပါ"

ကြီး။ ။"ဝန်ထောက်မင်းဦးကန်နဲ့ မရမိက မင်းကတော်ကို ကြိုက်သူတွေ တော်တော်များတယ် ဟုတ်လား"

ခင်။ ။"သူတို့က ကြိုက်ကြထင်ပါရဲ့"

ကြီး။ ။"မှန်ပါတယ်၊ သူတို့က ကြိုက်တာကို မေးပါတယ်၊ ကြိုက်တဲ့ထဲမှာ မောင်သန်းတင်လည်း တစ်ယောက်အပါအဝင်ပေါ့"

ခင်။ ။"မှန်ပါတယ်"

ကြီး။ ။"သူနဲ့တော့ တော်တော်ကြီး အကျွမ်းဝင်တယ်ဆိုပါတော့"

ခင်။ ။"ဟုတ်ကဲ့ လက်ထပ်ဖို့တောင် ကြံစည်ဖူးပါတယ်"

mgyoe.com

mgyoe.com



ကြီး။ ။"ဟိုညတုန်းကကော ဒီအကြောင်း စကားစပ်မိကြသေးသလား"

ခင်။ ။"စပ်မိရုံမကပါဘူး၊ လက်ထပ်ယူဖို့တောင် ရက်သတ်ကြပါသေးတယ်"

ကြီး။ ။"ဘယ်တော့လောက်လဲ"

ခင်။ ။ "ရှေ့တနင်္လာနေ့လောက်မှာ ရက်သတ်ထားပါတယ်"

ကြီး။ ။"တစ်ခုခမေးပါရစေ၊ ဟိုတုန်းက မင်းကတော်ကို ပိုးကြတဲ့လူတွေထဲမှာ မောင်ဘဦးတစ်ယောက် ပါသေးတယ်မဟုတ်လား"

ခင်။ ။"သူနဲ့လည်း ကျွမ်းပါတယ်"

ကြီး။ ။"ကျွမ်းဆို တစ်ခါတုန်းကတော့ မောင်သန်းတင်နဲ့ယူမလိုလို၊ မောင်ဘဦး နဲ့ ယူမလိုလို ထင်ကြရသေးတယ်မဟုတ်လား"

ခင်။ ။"ထင်တာတော့ ထင်ကြမှာပေါ့"

ကြီး။ ။"ဒီလိုထင်လိုက်ပြီးတဲ့နောက် သူတို့ကိုမယူဘဲ ဝန်ထောက်မင်းဦးကန်ကို ယူလိုက်တယ်ဟုတ်စ"

ခင်။ ။"မှန်ပါတယ်"

ကြီး။ ။"ဘာကြောင့်လဲ မေးပါရစေ"

ခင်။ ။"ဒါကတော့ ဒီလိုပါ၊ သူတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် ရန်သူကြီးလုပ်နေကြလို့ပါ။ ကိုဘဦးက ကိုသန်းတင်ဟာ ကျွန်မထံမှာ သူ့အကြောင်း မကောင်းပြောတယ်ဆိုပြီး ရန်လုပ်ခဲ့ဖူးပါတယ်"

ကြီး။ ။ "ရန်တိုက်ဖူးတယ်ဆိုတာ မှန်သလား"

ခင်။ ။"မဟုတ်ပါ၊ ရန်တိုက်ပေးခြင်းမဟုတ်ပါ။ မဟုတ်ဘဲနဲ့ရန်လုပ်ရမလားဆိုပြီး ကျွန်မက ကိုဘဦးကို ဖြတ်ပစ်လိုက်ပါတယ်"

ကြီး။ ။ "မောင်သန်းတင်တော့ကော"

mgyoe.com

mgyoe.com


ခင်။ ။ "သူ့ကိုလည်း နောက်ဆုံးမှဖြတ်ပစ်လိုက်ပြီး ဦးကန်နဲ့ ယူလိုက်ပါတယ်"

ကြီး။ ။ "မောင်ဘဦးက မောင်သန်းတင်ကို ရန်ငြိုးဖွဲ့ဖူးသလား"

ခင်။ ။ "ဖွဲ့ဖူးပါတယ်၊ တွေ့ရာသချိုင်းပဲလို့ ကြုံးဝါးဖူးပါ တယ်"

ကြီး။ ။ "လွန်ခဲ့တဲ့ တနင်္လာနေ့က မောင်ဘဦးနဲ့ တွေ့ရပါသလား"

ခင်။ ။ "တွေ့ရပါတယ်"

ကြီး။ ။ "ဘယ်အချိန်၊ ဘယ်နေရာမှာ တွေ့ရပါသလဲ"

ခင်။ ။ "ညနေ ၅ နာရီအချိန်လောက်မှာ လမ်းလျှောက်သွား ရင်း ပိုလိုကွင်းအနီးမှာ တွေ့ရပါတယ်"

ကြီး။ ။ "ကံအားလျော်စွာ တွေ့ဆုံမိခြင်းပေါ့"

ခင်။ ။ "ဟုတ်ပါတယ်၊ သူပြန်ရောက်မှန်းတောင် ကျွန်မမသိ ရပါ"

ကြီး။ ။ "ရှေးဟောင်းနှောင်းဖြစ်တွေ ပြောမိကြပါသေးသလား"

ခင်။ ။ "မပြောကြပါ။ သာမန်စကားမျိုးလောက်သာ ပြောကြ ပါတယ်"

ကြီး။ ။ "ဝန်ထောက်မင်းဦးကန် ဆုံးပြီးကြောင်း၊ မင်းကတော် မှာ လွတ်လွတ်လပ်လပ်ဖြစ်ကြောင်း သူသိပါသလား"

ခင်။ ။ "သိပါတယ်"

ကြီး။ ။ "ချစ်ကြိုက်စကားမျိုး ပြောပါသေးသလား"

ခင်။ ။ "မပြောပါ"

ကြီး။ ။ "နောက်တစ်ကြိမ် သူ့ကို ဘယ်မှာတွေ့ပါသေးသလဲ"

ခင်။ ။ "ဦးထွန်းပြည့် သေဆုံးကြောင်းကြားလို့ ဒီအိမ်ကိုလာ တော့ တွေ့ရပါတယ်"

mgyoe.com